www.burmeseclassic.com


## စီစဉ်သူ

မောင်သွေးရှင်

| | |
|---|---|
| မျက်နှာဖုံးပန်းချီ | ဝန်းချီအောင်နိုင် |
| ဒီဇိုင်း | အေးလွင် (Eagle) |
| မျက်နှာဖုံးအထင် | Eagle |
| အတွင်းအထင် | ထက်အာကာကျော် |
| ကွန်ပျူတာ | DEEP BLUE |
| စာအုပ်ချုပ် | ကိုနိုင် |
| ထုတ်ဝေသည့်ကာလ | ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ |
| တန်ဖိုး | (၁၂၀၀) ကျပ် |

### ပုံနှိပ်မှတ်တမ်း

တမူခွင့်ပြုချက်အမှတ် - ၅၀၀၈၃၁၀၇၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၀၃၀၈၀၇ - အရ ဦးဝင်းမင်းကို၊ တော်ဝင်ကျောက်စိမ်း ပုံနှိပ်တိုက် (၀၇၀၉၅)၊ အမှတ်(၁၁၇)၊ လမ်း ၄၀ (အလယ်)၊ ကျောက်တံတားမြို့နယ်တွင် မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်၍ ဦးကျော်ဟင်း၊ ယုံကြည်ချက် စာပေ (၀၉၁၀)၊ အမှတ် (၁၀၁)၊ (၃၃) လမ်း၊ ရန်ကုန်မြို့ မှ ပထမ အကြိမ်၊ အုပ်ရေ (၅၀၀) ထုတ်ဝေသည်။


နှမောင်ဒုဌသ

ဝါသနာစာပေ စာစဉ် (၂၀)

# အချစ်တော်

## မိန်းမဟူသမျှ ငါတို့၏စကားမြစ်၌ မျောကြစေသတည်း

(ဟာသလုံးချင်းဝတ္ထုသစ်)


ဝါသနာစာပေ

အခန်း (၂)၊ ဗိုလ်တထောင် အထက (၆)၊ ဂျီအီးစီ

ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁. ၃၇၀၄၄၆၊ ၃၇၀၃၇၉။


www.burmeseclassic.com

www.burmeseclassic.com



ဆဲနေသည်ထင်ရှိလားမသိ။ လက်ဝါးတောင်မြှောက်သွားသည်။

"တား.. လွှတ်လပ်သူ့ဖြစ်ကြောင်း သင်္ကေတပြသွားတယ်။ ဒါဆို သူတို့သာကြီးတော သူ့အစ်ကိုပဲဖြစ်ရမယ်။ ရှမ်းဂျင်းလည်း သင်တယ်။ တုတ်ကြီး..။ မောင်လေးဘာဆက်လုပ်ရမယ်ဆိုတာ သိသွားပြီ"

"ဆရာဘာဆက်လုပ်ချင်သို့ပဲဆရာ။ ဆရာလုပ်ရမှာက ကျွန်တော်နဲ့ အတူလိုက်ခဲ့ပြီး တိုက်ခန်းဆီ သွားဖို့ပဲလေ"

"တောက်သေးဘူးကွ"

"ဟုတ်ပါတယ်ဆရာ။ ဒီအတိုင်း လုပ်ရမှာပါ"

"နေဦးကွ။ မင်းကိုပြစရာရှိတယ်"

"အခန်းကျမှ ပြပါလား ဆရာရယ်။ လူကြားထဲ"

"ဟာ.. အခုပြမှ ဖြစ်မှာ။ ကိုမှာကြည့်စမ်း ပန်းရောင်ဝမ်းဆက်နဲ့ အမျိုးသမီး"

"မြင်တယ်။ အဲဒါ ကျောင်းဆရာမ ဒေါ်မြမြလှိုင်ပဲ"

"မင်းတယ်တော်ပါလား။ ဒါကြောင့် ငါ့ကသူ့ဖြစ်နေတာအမျိုးလား"

"ဗျာ.. တပည့်က အမျိုးဖြစ်မလား။ လူမျိုးပဲဖြစ်မှာပေါ့။ ဆရာက နောက်နေပြီ"

"ငါနောက်နေတာ မဟုတ်ဘူး။ ရှေ့နေပါတာ။ မင်းသူ့မျိုးရင်း ငါသိပါတယ်။ ငါလည်း လူမျိုးပါပဲ"

လူမျိုးကြောင်ကြောတွေ လှိုင်လှိုင်ထိုးနေကြသည်။ ထိုစဉ်မှာပင် ဓမ္မသီမ်သူက လေးဘီးကားလေးနှင့် ထွက်ခွာသွားနေပြီ

"ဟာ.. ဟာ.. ကားပေါ်ပါသွားပြီ သူ.. သူက အမျိုးသားတောင်"

"ဟုတ်တယ်.. ရန်ကုန်ကပြန်လာတဲ့ သူ့အစ်ကိုကို လာကြိုတာ ဆရာဘာဖြစ်နေတာလဲ"

"ဘာဖြစ်မှန်းမသိပါဘူးကွာ။ နှလုံးသားထဲမှာ တနင့်ခါနေသလိုပဲ"

"ဆေးခန်းတန်းသွားမလား"





"ငါ့ရောဂါကို ဆေးခန်းမှာကုလို့ ရမှာ မဟုတ်ဘူး။ မပျောက်နိုင်တော့ဘူး ရှာ"

"ဆရာ ရောက်နေကျနေ အရူးရောနေပြီထင်တယ်"

"ဒေါ.. ဟုတ်တယ်။ ငါအရူးဖြစ်ချင်နေတယ်။ ပုဒ်ဓာဇ္ဇ နဲ့ အချစ်ရူးကြီးကို ဖြစ်ချင်တာ"

"ရောက်ဆရာ..။ အဲဒီအရူးတွေထဲ ထွန်းတော့ပါတွေ့လိုက်တော့"

ဆရာတော့ကျွန်ုပ်တော် ထိုရှင်းရောက်ဘဲ ပြသနာရှာမှ ပြဿနာပြုသွားရဲ မမှုတ်မိဘူးသိသေအားလေး ထွက်သွားချေပြီ

"သွားပြီကွာ.. လေးပါ"

"မလေပါဘူးဆရာ။ ဆရာနေမယ့်တိုက်ခန်းနဲ့ အတော်နီးတယ်"

"သာလျှော့တယ်"

"အဲဒီဆရာမနေတာ ဆရာနေမယ့်တိုက်ခန်းနဲ့ တောင်ဘက်ကလေး။ ဟဲ.. ဟဲ.. ဆရာတို့တော့ မိုးတော်ဆို တိုက်ပေါ်ရောက်ပြီပေါ့"

"အဲဒါ တပ်မှုန်ကဲ့တော့ကွ.. မှုတ"

ထိုစာ ဘာမှုန်းမသိ သူက မထောက်နေသည်။ ဒုတ်ဖြစ်မှာတော့ တည့်တွေ့ ထိုအရာဝါ့အစ်ကိုက တစ်ရာတော့သော ငါဒေါ်နတ်နှင့် သတိရချစ်တော့ ဆရာတောင်ကောင်းကို အကြောင်ကြီးတွင်ပြင်ထွက်ခွာရ၏။

ထသူကသွား..။

* * *

"ဆရာ ဘာဖြစ်လို့နေတာလဲ။ တစ်နေ့ လေးငါးခါလောက် ဆင်းလိုက်၊ တက်လိုက်နဲ့ မမောင်ဘူးလား"

သာလေးမျှသည်ဆိုသည်။ မြို့စရာပါ၊ ရှေ့နေလေးဒေါင် တာင်ဦးသည် သူနေသည့် တတိယထပ်တိုက်ခန်းပေါ်မှာ တစ်နေ့လေး ငါးခါအဆင်းအတက်လုပ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကြပါ၏။ စီးပွားရေးလည်း အောင်မြင်၍ သားသမီးများပင် ရနေပါ

ဦးမောင်မောင်ဦးက သမီးတစ်ဦးမွေးထား၏။ နာမည်ကား မိုးထက်မြင့်. . ။

အသက်အားဖြင့် ဆယ့်ငါးနှစ်သာရှိသေးသော်လည်း အဖေထွား အမေထွားမို့ သူလေးကလည်း နုထွား ထွားသည်။

ပုသိမ်-ရန်ကုန်ကပြားလေးဆိုတော့ ပုသိမ်ချောချော၍ ရန်ကု လှ လှသည်။ တစ်ဦးတည်းသောသမီးလေးမို့ ဖူးဖူးမှုတ်ထားကြသည် အအေးပတ်လျှင် ပြဿနာ။

ဦးနေမင်းလှိုင်ကတော့ သားတစ်ယောက်၊ သမီးတစ်ယော ရထားသည်။

သားက ဆယ့်လေးနှစ်ပဲရှိသေးသည်။ အမည်သညာခေါ်စရာ ကား မောင်နေအေး။

နာမည်ပေးဖို့ ရွေးတော့ စိတ်ညစ်ရသေးသည်။ အဖေနာမည် အမေနာမည် တစ်လုံးစီပဲရ၏။ ပိုထည့်ကြည့်ရာ အဆင်မပြေ။

မောင်နေအေးမှာ ကြော့ထပ်ထည့်လို့လည်း မကောင်း၊ သွယ် ထည့်လို့ကလည်း မရ၊ ကေထည့်ဖို့လည်း မဖြစ်တော့ ဒေါ်ကေသွယ်အေး ကြော့က အမိန့်ထုတ်သည်။

"ရှင့်နာမည်ထဲကလည်း တစ်လုံးထက်ပိုမထည့်နဲ့။ ဒါပဲ"

သို့ဖြင့် မောင်နေအေးခမျာ ယက်ကန်ယက်ကန်ဖြင့် လူလိမ်နေ လားရယ်လို့ ထင်ယောင်မှားခံရင်း လူဘဝကို ကျော်ဖြတ်လာရ၏။

ဟိုနေ့ဧက တစ်လောကလုံးရှိလူတွေ လိုက်လိမ်သော်လည်း မောင်နေအေးကတော့ မိဘနှစ်ပါးမှလွဲ၍ မည်သူ့ကိုမျှ မလိမ်။

တစ်ခါတစ်ရံ သူညီမ ခင်ကြော့ကြော့လှိုင်ကိုသာ လိမ်တတ်၏။ ခင်ကြော့ကြော့လှိုင်ကတော့ အဖေတစ်လုံး၊ အမေနှစ်လုံး ထည့်ထားရတာ မို့ ပြဿနာမဖြစ်။ သူလေးက မောင်နေအေးထက် နှစ်နှစ်သာငယ်သည်။

သူတို့ထဲမှာ စိုးသူရက ထုတ်လုပ်မှုအားကောင်း၏။ ကလေး





နောက်ကျပြီး ရမယ့်ရတော့ သုံးယောက်ဆက်တိုက်။

အကြီးဆုံးကောင်လေးကမှ ဆယ်နှစ်ပဲရှိသေးသည်။ အငယ် ငင်က ခုနစ်နှစ်၊ အငယ်ဆုံးမလေးက ငါးနှစ်။

ဘာပဲဖြစ်ဖြစ် သူတို့သုံးယောက်လုံးအတွက် အိမ်ထောင်မှုဘဝ ည် ပျော်စရာကောင်းသည်ဟုသာ စံသတ်မှတ်ရမည်ဖြစ်ပါ၏။

သူငယ်ချင်းသုံးယောက်လုံး မိသားစုသိုက်သိုက်ဝန်းဝန်းဖြင့် တွင် အဆင်ပြေစွာရပ်တည်နေနိုင်ကြပြီမဟုတ်လား။

သို့သော်. .

***



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုး ခုန ဘယ်သူ့ဆီ ဖုန်းဆက်တာလဲ"

ကိုယ့်မိတ်ဆွေ နေမင်းလှိုင်လေ။ စာရေးဆရာနေမင်းလှိုင်လေ

"သိတယ်။ မပြောနဲ့တော့။ ရှင်တို့ ဘာကိစ္စ ဘယ်ကိုချိန်းနေ

တာလဲ"

"သြော်. . မနက်ဖြန်ဆို သူငယ်ချင်းသုံးယောက် ပြန်ဆုံ

ချိန်းနေကြတာ။ ဟိုရှေ့နေကြီး မောင်မောင်ဦးလည်း ပါမယ်လေ"

"သိတယ်. . မပြောနဲ့"

"ဟောဗျ. . သူပဲမေးပြီး"

"မနက်ဖြန် ရှင်မအားဘူးလေ။ ဆိုင်ထွက်ရမယ်"

"ဆိုင်က မင်းရှိတာပဲကွာ"

"သိတယ်. . မပြောနဲ့။ မနက်ဖြန် ကျွန်မ ယတြာသွားချေ

မယ်၊ ဒီတော့ ရှင် ဆိုင်မှာရှိနေရမယ်"

"မလုပ်ပါနဲ့ကွာ။ ချိန်းထားပြီးပြီ။ မင်းယတြာ နောက်နေ့မှချေ

"မသိဘဲမပြောနဲ့၊ ယတြာက အချိန်နဲ့အခါနဲ့ ချေရမှာ"

"မင်းယတြာက ဘယ်အချိန်ချေရမှာလဲ"

"ရှင်သွားမယ့်အချိန်"

"အင်"

ဦးစိုးသူရ မှဲ့သွားရှာသည်။ ကြံကြံဖန်ဖန် ယတြာချေမှာ

သူသွားမယ့်အချိန်တဲ့။

ဦးစိုးသူရ မေးပွတ်စဉ်းစား၏။ ဒီမိန်းမနှင့်ကတော့ မလွယ်။ ဘာ

ပြောပြော သူသိတယ်ချည်း ပြောနေ၏။ သူမသိတာလည်း ဘာမှမရှိ

"ရှင် ဘာလိမ်ဖို့ အကြံထုတ်နေတာလဲ"

"ဗုဒ္ဓေါ"

"အဟုတ်ပြောတာနော်။ ယတြာချေရမှာက မိသားစုအားလုံး

အတွက်။ ရှင်က သာမန်လူမှုရေးကိစ္စ၊ သောက်စားမယ့်ကိစ္စ"

"သိတယ်. . မပြောနဲ့၊ အဆင်ပြေအောင် ဘယ်လိုလုပ်ရမလဲ





စဉ်းစားနေတာ

ဒီတစ်ကြိမ်တော့ စိုးသူရက ဦးအောင်သိလိုက်သဖြင့် ဒေါ်မှုမှု

သက် တွန့်သွား၏။

"ဘာမှအဆင်ပြေဖွယ်မရှိဘူး။ ရှင့်တိစ္စသာ ဖုန်းပြန်ဆက်လိုက်၊

ရက်ရွှေ့လိုက်"

"မဖြစ်ဘူးထင်တယ်။ လူကြီးလူကောင်းတွေနော်။ စကားတစ်ခွန်း

ပြောပြီး ပြင်လို့မကောင်းဘူး"

"သိတယ်. . မပြောနဲ့။ ရအောင်ဖြင့်။ ပေး. . ဖုန်းနံပါတ်။ ကျုပ်

ဆက်ပြောမယ်"

"မ. . မလုပ်ပါနဲ့ကွာ။ ငါသိကွာကျပါမယ်။ မင်းကိုယူပြီးကတည်း

က ငါ့ဘာကတိတောင်းထားလဲ"

"သိတယ်လေ. . မပြောနဲ့. . ။ ဒါဆို ကတိအရ ရှင် ကျွန်မတို့

အိပ်ခါနီး တစ်နာရီနှိပ်ပေးမလား"

"သဘောတူထားတာ နာရီဝက်ပါကွာ"

"သိတယ်. . မပြောနဲ့၊ အခုကိစ္စက နှစ်ယောက်နဲ့တွေ့ရမှာဆို

တော့ နှစ်ယောက်စာနှိပ်ရမယ်၊ ဒါပဲ"

"သိပြီ. . မပြောနဲ့တော့၊ နှိပ်မယ်. . လာထား"

စိုးသူရက နှိပ်မှာကို ဝက်သတ်မည့်ပုံစံဖြင့် အကျီလက်မောင်း

ဆွဲတင်နေ၏။

"ရှင်နော်. . ကြင်ကြင်နာနာနဲ့ ဖြည်းဖြည်းသက်သာမနှိပ်လို့က

တော့ အမျိုးသမီးရေးရာကိုပါ တိုင်ပစ်လိုက်မယ်။ ဟင်း. . "

ထိုညက ဒေါ်မှုမှုသက် ခုတင်ထက်မှာ အနှိပ်ခံရင်း နာရီဝက်

အတွင်း အိပ်ပျော်သွားသဖြင့် ဦးစိုးသူရသက်သာခွင့်ရသွားရရှာလေ၏။

မနက်ဖြန် အေးချမ်းစွာသွားခွင့်ရပြီမို့ သက်မဖွဖွချဖြစ်ရသည်။

ဒေါ်မှုမှုသက်က သူ့ယတြာကိစ္စကို ဆိုင်းငံ့လိုက်သည်မဟုတ်ပါ

တကယ်တော့. .



www.burmeseclassic.com

www.burmeseclassic.com



ကလေးများ ခါတ်ပေါက်သွားကြ၏။

“ဖေကြီး. . မေကြီးကိုတွဲပြီး အိပ်ရာထဲပို့လေ။ ဖေကြီးသီချင်းဆိုသိပ်ရင် မေကြီးသက်သာသွားမှာ”

“ဟုတ်တယ်. . ။ ဖေကြီးကလည်း မေကြီးအကြောင်း သိသားနဲ့”

“အေးပါကွာ. . လာ. . လာ. . မိန်းမ။ အဲ. . ရနီး. . ဟာ. . မဟုတ်သေးပါဘူး။ မယား. . မလှဘူး။ အဲ. . ကြင်ဘက်သက်လယ်။ မဆိုးဘူး။ သက်တောင်ပါသေးတယ်။ သက်. . မင်းမသေတော့ဘူး”

စိုးသူရခမျာ အူကြောင်ချောက်ချားဖြစ်ပြီး ပြောချင်ရာတွေပြောနေသဖြင့် ဒေါ်မူမူသက်ကျိတ်ပြုံးရသေးသည်။

ဘာပဲဖြစ်ဖြစ်. .

ထိုညက ဦးစိုးသူရ၏အိပ်ခန်းထဲမှ ထူးဆန်းသောသီချင်းသံကို ကြားရမည်ဖြစ်သတည်း။

“တေးဆိုသိပ်မယ်. . အိပ်တော့မူလေး. . အဲ. . အဲ. . သက်လေးရယ်. . ”

***

## ‹၁၇›

ညက စောစောပင် မှောင်သွားသည်။

ဆောင်းရာသီဆိုတော့ နေ့တာတို၍ ညတာရှည်သည်ကိုး။

မဟာ့ရာညဥ့်ဦးယံအောက်မှာတော့ ကန်တော်ကြီးရေပြင်က ချမ်းလို့တုန်ကာ တဖျပ်ဖျပ်လွန့်နေသည်။

ရောင်စုံမီးသီးပွင့်လေးတချို့ကလည်း ကန်ရေပြင်ထက် ဖြာကျနေ၏။

ကန်တော်ကြီးစောင်းရှိ တစ်ခုသောစားသောက်ဆိုင်ကြီးမှာ စားသောက်သူများဖြင့် စည်ကားလျက်ရှိ၏။

တစ်ခုသောစားပွဲမှာဖြင့် ပုဂ္ဂိုလ်ကြီးသုံးဦးတို့ ဝိုင်းဖွဲ့ထိုင်နေကြ၏။

မည်သူများ ဖြစ်ရမည်နည်း။

ဦးနေမင်းလှိုင်၊ ရှေ့နေကြီးဦးမောင်မောင်ဦးနှင့် ဦးစိုးသူရတို့သာ ဖြစ်ချေ၏။

သူတို့သုံးဦးသည် ကြိုတင်အချိန်းအချက်ပြုထားကြသည့်အတိုင်း လွတ်လပ်သောပွဲလေးတစ်ပွဲ ဆင်နွှဲရန် ရောက်လာကြခြင်းပင်။

သည်နေ့ပွဲတွင် ဒကာခံရန်အလှည့်ကျသူက ဦးမောင်မောင်ဦး

www.burmeseclassic.com

www.burmeseclassic.com

## ၂၁

ဒေါ်မြမြလှိုင်တို့သားအမိနှစ်ယောက် ခေါင်းချင်းဆိုင်နေကြ၏။ တိုးတိုးတိုးတိုးနှင့် တစ်စုံတစ်ရာကို တိုင်ပင်နေကြ၏။ အိမ်မှ ဦးမောင်မောင်ဦးမရှိပါ။ ရုံးသွားသည်မှာ ယခုတိုင်ပြန်မရောက်သေးပါ။

အချိန်ကား ည ၇ နာရီပင် ရှိနေပြီ။ ညနေကတော့ ဖုန်းလှမ်းဆက်သည်။

"မြလား"

"ဟုတ်"

"ကိုယ်ပါ . . အိမ်ပြန်နောက်ကျမယ်။ အမှုကိစ္စတစ်ခုရှိလို့"

"အမှုက ညဘက်ကြီးစစ်မှာလား"

"စစ်မှာမဟုတ်ဘူး။ ညှိကြမှာပါ။ ဒါပဲကွာ။ ထမင်းစားမစောင့်နဲ့။ စားလာခဲ့မှာ"

"မူးလာဦးမှာလား"

"မူးပါဘူး"

ဖုန်းပြန်ချသွားတော့ ဒေါ်မြမြလှိုင် ဖုန်းကိုင်ရင်း ငေါင်နေ၏။ တစ်စုံတစ်ရာကို စဉ်းစားနေသည်။





ထိုစဉ် သမီးဖြစ်သူ ခင်ကြူကြူလှိုင် ဝင်လာသဖြင့် ရှင်းပြောပြီးသည်။

"တဲ့ . . သမီး။ သမီးအဖေ ခြေပျက်နေတယ် . . သိလား"

"ဟင့်အင်း . . မသိပါဘူး။ ဘယ်လိုဖြစ်ရတာလဲ အမေရယ်။ မနေ့ကပဲ တွေ့ရတာ အကောင်းကြီးပါ"

"တဲ့ . . ခြေလှမ်းပျက်တာ ပြောတာ။ ခြေလှမ်းမှုမမှန်တာ ပြောတာ"

"ဒါများအမေရယ်။ ဖေကြီးက ကာလသားမှမဟုတ်တာ။ ပူမနေပါနဲ့"

ခင်ကြူကြူလှိုင်ကတော့ ခပ်အေးအေးပင်။ မအေးနိုင်သူမှာ ဒေါ်မြမြလှိုင်သာတည်း။ ဒေါ်မြမြလှိုင်တစ်ယောက် ဦးမောင်မောင်ဦးအား သိပ်မယုံကြည်ချင်တော့။ အရင်က ဤသို့မျှ မဟုတ်လေပဲ။

ညစာစားပြီးချိန်မှာတော့ ဒေါ်မြမြလှိုင် မနေနိုင်တော့။ သမီးကိုခေါ်၍ ပြောတော့သည်။

"သမီး . . မီးဆိုတာ မလောင်ခင်တားရတယ်ကွဲ့"

"ဟုတ်ကဲ့ပါမေမေ။ သမီးတားပါတယ်။ တို့နေ့ကပဲ မောင်နေ့အေးကို ပြောလိုက်ပါတယ်။ တို့တွေ ငယ်သေးတယ်။ နောက်နှစ်နှစ်သုံးနှစ်လောက်ကျမှ အကျိုးကြောင်းပေါ့လို့"

"အာ . . အာရယ်"

"စိတ်ချပါမေမေ။ မီးကို မလောင်ခင် သမီးတားလိုက်လို့ ကောင်လေးငြိမ်သွားတယ်။ သမီးသာ မီးလောင်ရာလေပင့်လုပ်လိုက်ရင် အမြိုက်တစ ပြာသာ မီးလောင်သွားနိုင်လို့ပါ။ တောမီးလောင်၊ တောကြောင်လက်ခမောင်းခတ်တွေ ဖြစ်ကုန်မှာပေါ့"

"သမီး . . အာတွေပြောနေတာလဲ"

"ဖေကြီးသူငယ်ချင်းသား မောင်နေ့အေးအကြောင်းလေ။ သူက သမီးကို မမသိပ်လှတယ်။ မမကို မတွေ့ရမနေနိုင်ဘူးလို့ ပြောနေလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးသူရက သက်သက်ကြော့လိုင်းကို ပိုင်ဖို့ရသည်။ ပိုင်သို့ ပိုင်ပြီး သက်သက်ကြော့လိုင်းအား နွေလက်စွပ်ထပ်တွင်းနှင့် တိုးစေ၏။ သက်သက်ကြော့လိုင်းကလည်း နွေလက်စွပ်ကို အစား နှာချီလာမည်။ ဦးဖိုးသူရကို အနေးပေးသည်။

ယခုလာမည့်သကြီးမှာ ချောင်းသာသို့ အပျော်ခရီးသွားကြရအောင် သူတို့နှစ်ဦးက ထောင်ဖန်တီးခြင်းပင်။

အခေါ်ဖြစ်သူ မင်းမင်းဖင် နောက်ကျမည်ရ၏။ မသင့်တော်၍ တားမြစ်သော်လည်း မရ။ မရသဖြင့် သူပါလိုက်ရတော့မည်။

ယမင်းကလည်း ငယ်ရွယ်သူပီပီ ဘာမှမတွေးဘဲ ချောင်းသာ လိုက်ရမည်ဆိုတော့ ပျော်နေသည်။ ကျားသူရင်ကို ဖားသခင်ထင်နေသည်လားမသိ။ ကြောက်ရကောင်းမှန်းမသိ။ သင့်မသင့်မစဉ်း။ ကလေးမလေးများ ခက်ပါဘိ။

ရယ်တော့ ရယ်စရာပင်။ မိန်းကလေးများဘက်မှ အဆင်သင့်ဖြစ်ပြီး မီးစိမ်းပြထားသော်လည်း ကျားကြီးသုံးကောင်ဘက်က မီးစိမ်း မပြသေး။ ဝိတ်ချည်ဖွင့်ချည် မီးဝါပြထားသည်။

မီးက စိမ်းမှာလား နီမှာလား ထိတိပါမသိရသေး။ ယခုမူ ခေါင်းချင်းဆိုင်အကြံထုတ်ကြရန်သာ။

"ဒီလိုလုပ်မယ်ကွာ။ ထိုမိန်းမတွေက သုံးကောင်တို့ အိပ်မက်တို့ ပေးခင်တို့ဆို ယုံတော်တယ်ကွ"

ဟု ဦးနေမင်းလိုင်ကပြောတော့ ကျန်နှစ်ယောက် စိတ်ဝင်စားသွားသည်။ အားတက်သရောမေး၏။

"အေး... ဘယ်လိုလုပ်ရမလဲပြော"

"ဒီလိုကွာ။ ထိုသူငယ်ချင်းသုံးယောက် သကြီးမှာ စားစားခံရပြီး တနိုင်မိုနေကြို့ အကိုပ္ပာန်ခံနိုတွက်ရမယ်လို့ လိုမ့်မယ်"

"ယုံပါ့မလား"

"အိပ်မက်ထဲမှာ ဘိုးတော်တို့ထိုင် လာသတိပေးသွားတယ်ဆို





ပြောမယ်ကွာ"

"သုံးယောက်လုံး"

"အေး... တသားတည်းသုံးယောက်လုံး သွားရမယ်လို့ အမိန့်ရှိသွားတယ်ပြော"

"သူတို့ပါလိုက်မယ်ဆိုရင်ကော"

"သေပြီသာရော"

ဦးမောင်မောင်ဦးက နောက်၏။ နောက်ဆုံးတော့ ထိုအကြံကိုပင် အတည်ပြုလိုက်ကြ၏။ အစီကအချက်အဖြစ် အိပ်မက်အရ မိန်းမ မလိုက်ရဟု ထည့်သွင်းရန်ဖြစ်သည်။

အစီအစဉ်အရ ဦးမောင်မောင်ဦးက အိပ်မက်မက်ရမှာဖြစ်၏။ ထိုအိပ်မက်အရ သူငယ်ချင်းနှစ်ယောက်ပါခေါ် သွား။ ယကြာခန့် မိတ္ထီလာသို့ ခရီးထွက်တာ မိတ္ထီလာကန်ရေကို ချိုးကြရမှာဖြစ်၏။

ထူးဆန်းသောအိပ်မက်တည်း။ ထိုအိပ်မက်အား ဦးမောင်မောင်ဦးက ပေါ်ပြူးပြီးကို ပြောပြ၏။ ဒီသကြီးမှာတော့ သူငယ်ချင်းနှစ်ယောက်တို့ခေါ်၍ ယကြာသွားလုပ်လိုကြောင်းထင်ပြ။

ထို့နောက် သူငယ်ချင်းများထံဆက်သွယ်၍ အသိပေးပြောကြား အကျည်တောင်း မိန်းမများကို အသိအသိအလက်ယက်တင်ပြ၍ ပါမစ်ရသူက ဦးကြရန်ဖြစ်၏။

ခြေလှမ်းကတော့ ဘယ်ခြေက ဘယ်ညာကို လှမ်းမည်လဲ။

အစီအစဉ်ကို ဆောင်အကောင်အထည်ဖော်ရန် ရက်သတ်မှတ်လိုက်ကြ၏။ လာမည့် စနေနေ့သမှာ အိပ်မက်မည်။ တနင်္ဂနွေမနက် ပြောပြမည်။ ပါမစ်လျှောက်ထားမည်။ သုံးလေးရက်အတွင်း ပါမစ်ကိစ္စ ပါမစ်ကျဖို့ လောက်တိုးထန့်တိုး။ အကြောင်းထူးလျှင်ဆက်သွယ်။ ထို့ယ် မိန်းမတွေကို ရအောင်ပြောကြဖို့ တကောမြစ်ထဲမျှောပစ်ဖို့ အသိသိ အာမခံကြလေ၏။

ကြည့်ရပေဦးမည်။

***



www.burmeseclassic.com

